MINISTRY OF SOCIAL DEVELOPMENT
TE MANATŪ WHAKAHIATO ORA

Housing New Zealand
Housing New Zealand Corporation



Burmese

# ပြည်သူ့အိုးအိမ်တွင် နေထိုင်သူများအား ပြန်လည်စီစစ်ခြင်း

ပြည်သူ့အိုးအိမ်တွင်နေထိုင်သူများအား ပြန်လည်စီစစ်မှုပြုခြင်းကို 2014 ခုနှစ် ဇူလိုင်လ 1 ရက်နေ့ တွင် စတင်ဆောင်ရွက်မည်။၄င်းတို့တွင် နယူးဇီလန်အိုးအိမ် (Housing New Zealand (HNZ)) တွင် နေထိုင်သူများနှင့် ဝင်ငွေနှင့်ဆက်စပ်နေသည့် အိမ်ငှားခ ထောက်ပံ့ ကြေးရပုံငွေကိုရရှိနေသည့် မှတ်ပုံတင် အိမ်ယာအဖွဲ့ အစည်းများမှ အိမ်ငှားများ ပါဝင်သည်။

2011 ခုနှစ် ဇူလိုင်လ ၁ ရက်နောက်ပိုင်းမှ နယူးဇီလန်အိုးအိမ် တွင်စတင်နေထိုင်သူများအား ထိုအိမ် ငှား စီစစ်မှုအကြောင်းကို ပြောပြထား ပြီးဖြစ် သည်။

## ပြန်လည်စီစစ်ခံရသည့် အိမ်ငှားများ ဘာကြောင့် ရှိရပါသလဲ

အစိုးရက ပြည်သူ့အိုးအိမ်ကို အိမ်ယာအလိုအပ်နေဆုံးသူများအား လိုအပ်ချိန်တွင် ချထားပေးနိုင်ဖို့ သေချာအောင် ဆောင်ရွက်လိုသည်။

အိမ်ငှားပြန်လည်စီစစ်မှုက၊ အစိုးရအိမ်ယာ သို့မဟုတ် ပြည်သူ့အိုးအိမ်တွင် နေထိုင်သူများ၏ ဆက်လက်အကြုံး ဝင်မှုနှင့် ၄င်းတို့လိုအပ်ချက်နှင့် ကိုက်ညီသည့်အိမ်ယာဖြစ်နေမှုတို့ကို သေချာစေရန် ကူညီပေးသည်။

ပြည်သူ့အိုးအိမ်တွင်နေထိုင်ခြင်းဖြင့်၊အကျိုးခံစားခွင့်များကို ရရှိခဲ့ပြီးနောက် အခြေအနေတိုးတက်ကောင်းမွန်လာသူများအား ၄င်းတို့တတ်နိုင်ပါက၊ ပြင်ပပေါက်ဈေးအိမ်ငှားဈေးကွက်သို့ ပြောင်းလဲစေရန် သို့မဟုတ် ကိုယ်ပိုင်အိမ်ဝယ်ယူနိုင်ရန်လည်း ကူညီထောက်ပံ့ပေးဖို့ အရေးကြီးပါသည်။

## ဘယ်သူတွေကို ဘယ်တော့ပြန်လည်စီစစ်ပေးမည်နည်း

ပြည်သူ့အိမ်ယာနေထိုင်သူအားလုံးကို 2014 ခုနှစ် ဇူလိုင် 1 ရက်နေ့မှ စတင်စီစစ်မည်။သို့သော် ပထမနှစ်တွင် ဈေးကွက်ပေါက်ဈေးအိမ်ငှားခကိုပေးဆောင်နေသူများ၊ သို့မဟုတ် ဈေးကွက်ပေါက်ဈေးနီးပါးပေးနေသူများနှင့် အခြားအိမ်ယာ အဆင်သင့်ဖြစ်နေသော နေရာဒေသများ တွင် နေထိုင်သူများအား ဦးစွာစီစစ်မည်၊ အကူအညီပေးခြင်းဖြင့် ၄င်းတို့ ပြင်ပအိမ်ငှားဈေးကွက်ရှိ အိမ်ယာများသို့ အဆင်ပြေပြေ ပြောင်းရွှေ့နိုင်ပေမည်။

၄င်းမှာ လူမှုဖူလုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (အမ်မ်အက်စ်ဒီ) (MSD) ၏ လုပ်ထုံး လုပ်နည်းအသစ် ဖြစ်ပြီး အိမ်ငှား 800 ခန့်ကို ပထမနှစ် တွင် ပြန်လည် စီစစ်နိုင်ရန် မျှော်လင့်ပါသည်။

လက်ရှိအချိန်တွင် MSD သို့မဟုတ် နယူးဇီလန်အိုးအိမ် (HNZ) သို့ အိမ်ငှား ပြန်လည်စီစစ်ပေးဖို့ ဆက်သွယ်ရန် မလိုအပ်ပါ။

အကယ်၍ သင်က ဈေးကွက်ပေါက်ဈေးအိမ်ငှားခကို ပေးဆောင်နေသူ သို့မဟုတ် ဈေးကွက်ပေါက်ဈေးနီးပါးပေးနေသူမဟုတ်ပါက သင့်အခြေအနေပြောင်းလဲမှုမရှိသရွေ့ 2015 ဇူလိုင်လ မတိုင်မီထိ စီစစ်မှုမပြုသေးပါ။

## ဘယ်သူတွေက စီစစ်မှုကိုပြုလုပ်မည်နည်း၊ မည်သို့ဆောင်ရွက်မည်နည်း

MSD အိမ်ယာစီစစ်မှုအဖွဲ့က စီစစ်ဆောင်ရွက်မည်။

စီစစ်မှုကို ဂရုတစိုက်ဆောင်ရွက်မည်ဖြစ်ပြီး အိမ်ထောင်စုဝင်များ၏ တစ်ဦးချင်းတစ်ယောက်ချင်း အခြေအနေများ ကို ထည့်သွင်းစဉ်းစားမည်။

အောက်ပါတို့အပါအဝင်၊ အိမ်ယာအကြုံးဝင်မှု ရှိမရှိ ကနဦးဆန်းစစ်ချိန်က အသုံးပြုသည့် အချက်အလက်များကိုပင် အများအားဖြင့် ပြန်လည် အသုံးပြုမည်–

- အိမ်ယာငှားရမ်းနိုင်မှု — အိမ်သားများအနေဖြင့် ပြင်ပဈေးကွက်တွင် အိမ်ငှားရန် မည်မျှခက်ခဲ သည်၊ ပုဂ္ဂိုလ်ရေး သို့မဟုတ် ငွေကြေးအခြေအနေ များက မည်မျှ အဟန့်အတားဖြစ်နေသည်
- တတ်နိုင်မှု — အိမ်ထောင်စုအနေဖြင့် ပြင်ပဈေးကွက်ကို ပြောင်းရွှေ့နေနိုင်ဖို့ တတ်နိုင်ခြင်းရှိမရှိ

- ရေရှည်နေနိုင်မှု — အိမ်ထောင်စုအနေဖြင့် ပြင်ပဈေးကွက် တွင်ရေရှည်အားဖြင့် ငှားရမ်းနေထိုင်နိုင်မှုရှိမရှိ

ပြန်လည်စီစစ်မှုက ပြည်သူ့အိုးအိမ်တွင် ဆက်လက်နေထိုင် ရန် အကြုံးမဝင်တော့ကြောင်းတွေ့ရှိပါက၊ ပြောင်းရွှေ့နေ ထိုင်ရန် MSD က ၄င်းတို့နှင့် အနီးကပ် ကူညီဆောင်ရွက် ပေးမည်။

ထိုပြန်လည်စီစစ်မှုက ပြည်သူ့အိမ်ယာတွင် ဆက်လက် အကြုံးဝင်နေသေးကြောင်း တွေ့ရှိပါက၊ ပြည်သူ့အိမ်ယာ တွင် ဆက်လက်နေနိုင်သည်။

ပြန်လည်စီစစ်မှုပြုရာတွင် အဆင့်ပေါင်းများစွာရှိသည်၊စီစစ်ဖို့ အချိန်ရောက်လာပါက မည်သို့ဖြစ်မည်၊မည်သည့် အကူအညီများပေးနိုင်မည်တို့ကို MSD ကဆက်သွယ် ရှင်းလင်းပြောကြားမည်။

ပြည်သူ့အိမ်ယာအကြုံးဝင်မှုဆုံးဖြတ်ချက်ကို အိမ်ငှားက သဘောမတူပါက၊ပြန်လည်ဆန်းစစ်ရန် တောင်းခံနိုင်သည်။

ထိုပြန်လည်စီစစ်မှု၏ ရလာဒ်ကို သဘောမတူပါက၊ ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းနှင့် မပတ်သက်ဘဲ လွတ်လပ်စွာဖွဲ့စည်းထားသည့် လျှောက်လဲချက်တင် သွင်းရန် အာဏာပိုင်ထံသို့ တင်သွင်းလျှောက်လဲနိုင်သည်။

## ပြန်လည်စီစစ်မှုလုပ်ငန်းမှာမည်မျှကြာမည်နည်း

ပြန်လည်စီစစ်မှုကို ပြည့်စုံစွာဆောင်ရွက်ရန် ယေဘုယျအားဖြင့် ၆ လခန့်ကြာနိုင်သည်၊ အိမ်ငှား၏အခြေအနေပေါ်တွင် မူတည်ပြီး ထို့ထက်လည်း ပိုကြာကောင်းကြာနိုင်ပါသည်။

## အိမ်ငှားအနေဖြင့် လောလောဆယ်မည်သည်တို့ကို ဆောင်ရွက်ရမည်နည်း

လက်ရှိအားဖြင့် ဘာမှဆောင်ရွက်ရန်မလိုအပ်ပါ။

1 ဇူလိုင် 2014 မှစတင်သည့် ပထမနှစ်အတွင်း စီစစ်ခံရမည့် အိမ်ငှားများအား MSD ကဆက်သွယ်ပြီး စီစစ်မှုနှင့်ပတ်သက် ၍ပြောဆိုဆွေးနွေးမည်။